# "လေးနှစ်မြောက် ရွှေဝါရောင်တော်လှန်ရေးအထိမ်းအမှတ်ကြေညာချက်"

၂၇ရက်၊ စက်တင်ဘာ ၂၀၁၁။

## "အတုအယောင်မဟုတ်တဲ့ စစ်မှန်တဲ့ပြောင်းလဲမှုကို ကျွန်တော်တို့ဗမာပြည်မှာတကယ်လိုချင်နေပါပြီ။"

ဒီကနေ့ချင်းမိုင်မြို့ကအဖွဲ့အစည်းပေါင်းစုံမှ ယခုလိုဖယောင်းတိုင်မီးများထွန်းညှိပြီး နိုးကြားခြင်းသင်္ကေတနှင့် လေးနှစ်မြောက် ရွှေဝါရောင်တော်လှန်ရေးကို ကျင်းပနေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းကိုဆက်လက်တောင်းဆိုချင်တာကတော့ ဗမာပြည်ကအာဏာရှင်တွေကို ဆက်ပြီးတော့ ဖိအားမျိုးစုံပေးကြဖို့ပါပဲ။ ဘယ်အချိန်အထိပေးရမလဲဆိုရင် နိုင်ငံရေးအကျဉ်းသားတွေ ချွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးလာသည်အထိ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေရပ်တန့်သွားသည်အထိ၊ စစ်မှန်တဲ့ဒီမိုကရေစီကို ဖော်ဆောင်လာသည်အထိ ဆက်လက်ပြီးတော့ ဖိအားပေးသွားကြဖို့ ကျွန်တော်တို့ တောင်းဆိုလိုပါတယ်။

ကမ္ဘာ့ပြည်သူတွေအားလုံးကို ကျွန်တော်သိစေချင်တာက ဗမာပြည်မှာရှိတဲ့လူမျိုးများအားလုံးဟာစစ်မှန်တဲ့အပြောင်းအလဲကိုပဲ လိုချင်တယ်။ အတုအယောင်အပေါ်ယံ ရွှေရည်စိမ်ပြောင်းလဲမှုမျိုးကို လုံးဝ မလိုချင်ဘူးဆိုတာပါပဲ။

ဗမာနိုင်ငံက အာဏာရှင်တွေဟာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံယောင်ပြပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ကို ဖိတ်ကြားမှုအယောင်ပြပြီး စစ်အာဏာရှင်တဖြစ်လဲ ဗမာအစိုးရက သူတို့စိတ်ကြိုက် ရေးဆွဲထားတဲ့ လူ့အခွင့်အရေး ကော်မရှင်ကိုဖွဲ့စည်းပြီး နိုင်ငံတကာကို မျက်လှည့်ပြ လှည့်စားဖို့ ကြိုးစားနေကြပါတယ်။ သို့သော်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အခုတလော ထုတ်ပြန်ချက်တစ်ခုကို ကြေညာခဲ့ပါတယ်။ သူ့ရဲ့ကြေညာချက်ကတော့`နိုင်ငံရေးအကျဉ်းသားတွေ ရှိနေသေးသ၍ ကာလပတ်လုံး ဗမာအစိုးရရဲ့ ကြိုးစားအားထုတ်မှုတွေဟာ ယုံကြည်နိုင်စရာမရှိသေးပါဘူး´ ဟူ၍ဖြစ်ပါတယ်။ ကျွန်တော်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီးရဲ့ အဆိုကို ထောက်ခံပြီး ကမ္ဘာ့ ပြည်သူတွေအားလုံးကို အသိပေးချင်တာက တော့ ဗမာပြည်အာဏာရှင်အစိုးရရဲ့လှည့်စားမှုနဲ့ မျက်စိလည်မသွားကြပါနဲ့ဆိုတာကိုပါပဲ။

ရွှေဝါရောင်တော်လှန်ရေး လေးနှစ်ပြည့်ပြီးတဲ့အချိန်ခါမှာ အခုအချိန်ထိ ဗုဒ္ဓဘာသာရဟန်းတော်များ (၂၂၀) ပါးနှင့် နိုင်ငံရေးအကျဉ်းသား (၂၀၀၀) ကျော်တို့ဟာ ဗမာနိုင်ငံရဲ့ အကျဉ်းထောင်အသီးသီးမှာ ဆင်းရဲပင်ပန်းကြီးစွာ နေထိုင်နေကြရတုန်း ဖြစ်ပါတယ်။ ၂၀၀၇ ရွှေဝါရောင်မှာ ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နှိပ်စက်အကျဉ်းချခဲ့ကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ (၂၀၁၀) အတုအယောင်ရွေးကောက်ပွဲကျင်းပနိုင်ခြင်းကြောင့် ယခုအချိန်ထိ ဆက်လက်ပြီး အာဏာကိုဆုပ်ကိုင်ထားကြဆဲဖြစ်ပါတယ်။ ဒီအာဏာရှင်တွေဟာ လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်းကြီး ယခုအချိန်ထိ ချိုးဖောက်နေကြဆဲဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားဒေသများမှာ ပိုပြီးတော့ မတရားသဖြင့် ချိုးဖောက်နေကြဆဲဖြစ်ပါတယ်။

ကျွန်တော်တို့တွေဟာ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေကို လက်ခံကြိုဆိုနိုင်ပေမယ့် (၂၀၁၀) အတုအယောင် ရွေးကောက်ပွဲ ကျင်းပပြီးကတည်းက ဗမာနိုင်ငံရဲ့အခြေအနေဟာ နေရာအတော်များများမှာ ပိုပြီးတော့ ဆိုးဝါးလာခဲ့ပါတယ်။ အကြမ်းဖက်မှုတွေလည်း ပိုပြီးတော့ တိုးပွားလာခဲ့ပါတယ်။ တိုင်းရင်းသားများရဲ့နေရာဒေသတွေမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ အိုးမဲ့အိမ်မဲ့ အသက်လုကာ ထွက်ပြေးကြရတဲ့ဒုက္ခသည်တွေဟာ အိမ်နီးချင်းနိုင်ငံတွေမှာ ထွက်ပြေးခိုလှုံနေကြရပါတယ်။ ပြီးတော့ နိုင်ငံပိုင်သဘာဝအရင်းအမြစ်များဖြစ်ကြသော အဖိုးတန် သယံဇာတပစ္စည်း များကိုပျက်စီးဆုံးရှုံးစေမယ့် ရေလှောင်တမံ

များကို အဓိပ္ပါယ်မဲ့ တည်ဆောက်နေကြပါတယ်။ ကျွန်တော်တို့တတွေဟာ တိုးတက်ပြောင်းလဲမှုတွေကို အလွယ်လေးနဲ့ လက်မခံကြပဲ နိုင်ငံတကာအစိုးရများအနေနဲ့လည်း ဗမာအစိုးရရဲ့ လှုပ်ရှားမှုတွေကို  အချိန်ယူကာ စောင့်ကြည့်သင့်ပါတယ်။

ဗမာအစိုးရအနေနဲ့လည်း ဒီမိုကရေစီပြောင်းလဲမှုကို တကယ်ပြသမယ်ဆိုရင်တော့ နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့လိုပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ချက်ချင်းရပ်တန့်ပစ်ဖို့လိုပါတယ်။ ပြီးတော့ တိုင်းရင်းသား များပါဝင်တဲ့ သုံးပွင့်ဆိုင်ဆွေးနွေးရေးကို မဖြစ်မနေလုပ်ပေးဖို့လိုပါတယ် ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြလိုပါတယ်။ ယခုလို အတူတကွ ပူးပေါင်း ပါဝင်ပေါင်းစည်းပြီး ဗမာနိုင်ငံမှာ စစ်မှန်တဲ့အပြောင်းအလဲတွေဖြစ်ဖို့ ဝိုင်းဝန်းအားဖြည့်ပေးကြတဲ့ အတွက် ကျေးဇူးဥပကာရတင်ရှိပါတယ်။ မကြာခင်သောကာလမှာ ကျွန်တော်တို့တတွေဟာ လွတ်လပ်တဲ့ ဗမာနိုင်ငံတော်ကြီးကို မြင်တွေ့ကြရတော့မှာဖြစ်ပါတယ်။